အိုးကုန်း

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိုးကုန်းကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အိုးကုန်းကျေးရွာ
ပင်းတယမြို့နယ်

အိုးကုန်းကျေးရွာ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁

နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄

မိုင်းလိုကျေးရွာအုပ်စု၊ အိုးကုန်းကျေးရွာ သစ်ကောင်းဆေးအာဂုံးအာဖြစ်ပြုဖြေပုံ

ပုံညွှန်းဆွဲနည်းချက်

- ကန်ပင်
- အဆောင်ကျောင်း
- ဘုန်းကြီးကျောင်း
- ဆွမ်းတော်ရာပုံ
- ကျောင်း၊ စာသင်ကွင်း
- ဘုရားပွဲ
- ကြက်ခြေခတ်
- ရေကန်
- ကုန်းတွင်း
- ကုန်းတွင်း
- ကုန်းတွင်း

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အိုးကုန်းကျေးရွာသည် ပင်းတယမြို့ မြောက်ဖက်တွင် တည်ရှိပြီးပင်းတယ-ရပ်စောက်ကားလမ်း မကြီးမှ (၂)မိုင်ခန့် အကွာတွင် တည်ရှိသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။မွေးမြူရေးလုပ်ငန်းကိုလည်း တပိုင်တနိုင် လုပ်ကိုင် ကြသည်။တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ ( )ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ကျေးရွာတွင် ဆည်ရေရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိသည်။ လယ်ယာမြေများသည် စပါး၊ ပြောင်း၊ ပဲစင်းငုံ၊ နေကြာ တို့ကို စိုက်ပျိုးထုတ်လုပ်ရန် နှင့် အသက်မွေး ဝမ်းကျောင်းရန် တို့အတွက် အဓိကအားထားရာဖြစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။သို့သော် သစ်တောများပြုန်းတီး လာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့် ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ပါ။တောင်သူအများစုသည် ဆည်ရေကို အဓိကထားစိုက်ပျိုးကြပြီး တောင်သူအချို့မှာ မိုးရေကို အဓိကထား စိုက်ပျိုးကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ ၄၅၃.၃ ဧက ရှိပြီး စပါး ၊ပြောင်း ၊ပဲစင်းငုံ၊ နေကြာ စသည့် သီးနှံများကို အဓိက စိုက်ပျိုးကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအပိုင်းကို လေ့လာခြင်း အားဖြင့်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအနည်းငယ်သာတွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

အိုးကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၄)စုနှင့်ကျား(၁၁၇)၊ မ(၁၇၆)ဦးဖြင့် လူဦးရေပေါင်း(၃၅၃)ဦးရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး ၆၄.၆% ရှိပြီး အမျိုးသားနှင့် အမျိုးသမီးဦးရေမှာ များစွာကွာ ခြားမှုမရှိသည့်အတွက် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီး ပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက်ပိုမို

အထောက်အအကူပြုစေနိုင်ပါမည်။ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့၊ ဘာသာရေးနှင့် ယာဉ်ကျေးမှုအဖွဲ့တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး ၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော Pact Myanmarအဖွဲ့ သာရှိပြီး ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက်လိုအပ်သော ချေးငွေများကို ထုတ်ချေးနိုင်ပါသည်။ အခြားပြင်ပ အဖွဲ့အစည်းများ ဝင်ရောက်ခြင်းမရှိပဲ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အိုးကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈၄.၈)ဧကနှင့် ယာမြေ(၂၂၃.၅)ဧက ဥယျာဉ်ခြံမြေ (၁၂၀.၅)ဧကနှင့် အိမ်ခြံဝင်းစိုက်ခင်း(၂၄.၅)ဧက စုစုပေါင်း(၄၅၃.၃)ဧက ရှိပါသည်။မြေယာမဲ့ အိမ်ထောင်စု(၁၁) စု၊ ၂.၅ဧကအောက်ဆင်းရဲသားတောင်သူ(၂၁)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ် (၂၄)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြား တောင်သူလတ်(၂၀)အိမ်ထောင်စု၊ ၁၂.၅ဧကအထက် တောင်သူကြီး(၈)စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ ပြောင်း ၊ ပဲစင်းငုံနှင့် နေကြာ စသည့်သီးနှံများကို စိုက်ပျိုးကြသည်။မြေယာမဲ့ အိမ်ထောင်စုနှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာ ဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ် မူတည်နေပါသည်။ဆန်စပါးကို ဝမ်းစာဖူလုံရေး အတွက်စိုက်ပျိုးကြပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စွမ်းမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက် ခြင်းများရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ဆည်ရေနှင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ အချို့သော မြေကွက်များမှာ ဆည်ရေကိုရရှိသဖြင့် နွေရာသီကာလတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်ကြသည်။ အဓိကအားဖြင့် စပါး၊ ပြောင်း ၊ ပဲစင်းငုံနှင့် နေကြာ စသည့်သီးနှံများကို စိုက်ပျိုးကြသည်။ လယ်ယာသုံး ပစ္စည်းအနေဖြင့် လက်တွန်းထွန်စက်(၁၂)စီးနှင့် ရေစုပ်စက်(၂)စီး တို့ကို ပိုင်ဆိုင်ကြသည်။စက်ပစ္စည်း မဆိုင်သူများက လူအားဖြင့်သော်လည်းကောင်း ငှားရမ်း၍သော်လည်းကောင်း လုပ်ကိုင်ကြသည်။ကျွဲ၊ နွားများ နှင့် လည်းထွန်ယက်စိုက်ပျိုးကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ဓါတုပိုးသတ်ဆေးစသည်များကို အောင်ပန်းမြို့နှင့် ပင်းတယမြို့ တို့တွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံ စျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြသည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါများကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံး ပစ္စည်းမလုံလောက်ခြင်းများရှိနေပါသည်။သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေး မကောင်းခြင်း၊ စိုက်ပျိုးရေး ဓါတုမြေဩဇာအသုံးပြုမှုနည်းမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

အိုးကုန်းကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု(၁၆)စုရှိပြီး နွားကောင်ရေ(၁၈၃)ကောင်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု(၅)စုရှိပြီး ကျွဲကောင်ရေ(၈)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၂၇)စုရှိပြီး ဝက်ကောင်ရေ(၄၅)ရှိပါသည်။အချို့အိမ်ထောင်စုများမှာ နွားကိုနွားချေးရရန်အတွက် မွေးမြူကြ ပါသည်။ ကျွဲ၊ နွားများကို စိုက်ပျိုးရေး လုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြခြင်း ဖြစ်သည်။

ကျေးရွာတွင် စားကျက်မြေနဲပါးခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲပါသည်။ မျိုးကောင်းမျိုးသန့်များဝယ်ယူရရှိနိုင်ပါသည်။ကျွဲ၊ နွားသောက်သုံးရေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှု ရှိပါသည်။မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲ ပြဿနာများမှာ မွေးမြူ နိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း၊ ချေးငွေလိုသလောက်ရရှိမှုမရှိခြင်း၊ တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ သိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများပုံမှန် မရရှိပေ။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင်ရောက် လုပ်ကိုင် ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ စျေးကွက်

အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိခြင်းကြောင့် အချို့သောအိမ်ထောင်စုများမှာ တစ်နှိုင်တစ်ပိုင် အိမ်တွင်းမှု လုပ်ငန်းများကို လုပ်ကိုင်နိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ ဈေးကွက်လေ့လာနိုင်မှုအားနည်းခြင်း၊ ကုန်စည်တင်ပို့ရောင်းချရာတွင် ဈေးနှုန်းများ မှန်ကန်မှုမရှိခြင်း၊ အသက် မွေးဝမ်းကျောင်း နည်းပညာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်နှင့် ပက်မြန်မာ ငွေချေးအဖွဲ့မှ စိုက်ပျိုးရေးအတွက် ချေးငွေကို ရရှိကြသည်။အချို့မှာ ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြသည်။ဆွေမျိုးများထံတွင် ချေးငှားရာ၌ အပေါင်ခံပစ္စည်းမလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာပြန်လည် ပေးဆပ်ကြ သည်။ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြ ပါသည်။ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားမှုကြောင့် ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများ အတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။လမ်းပန်း အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးကာသီကာလတွင် သွားလာရခက်ခဲ ပါသည်။ ကျေးရွာချဉ်းကပ်လမ်းမှာလည်း ကျောက်ကြမ်းလမ်း မိုးတွင်းကာလတွင် ရေတိုက်စားသောကြောင့် သွားလာရ အနည်းငယ်ခက်ခဲတတ်ပါသည်။ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းဖြစ်သောကြောင့် သွားလာရ လွယ်ကူပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် အသေးစားရေအားလျှပ်စစ် သုံးစွဲသောအိမ်ထောင်စု(၈၂)စု၊ ဆိုလာမီးကိုသုံးစွဲသော အိမ်ထောင်စု (၃၆)စုရှိပါသည်။လျှပ်စစ်မီးမသုံးစွဲနိုင်သောကြောင့်

ကျောင်းသူ/သားများ စာကျက်ချိန်တွင် အခက်အခဲခြင်းနှင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူများရှိနေပါသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၅၄)လုံး၊ ဂြိုလ်တု စလောင်း (၃၂)လုံး၊တီဗွီ(၃၅)လုံးတို့မှ ရရှိပါသည်။ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေး တို့အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင်းရှိ မူလတန်းကျောင်းတွင် မူလတန်း ပညာကိုသင်ကြားနိုင်ကြပြီး အလယ်တန်း၊ အထက်တန်းပညာကို မိုင်းလီတွင် သွားရောက်သင်ကြားကြရသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေး လာကြသော်လည်း ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်း ပညာသာတတ်မြောက်မှုရှိကြပါသည် မြို့ပြနှင့်နီးခြင်းကြောင့် ပညာရေး အဆင့်အတန်း အတန်အသင့် ရှိပါသည်။အထက်တန်း၊ တက္ကသိုလ်ပညာ တတ်မြောက်သူများလည်းရှိပါသည်။ကျောင်းအဆောက်အဦမှာ ကောင်းမွန်ပါသည်။ကျောင်းဝန်းမှာ ကာရံထားပြီး စာသင်ခုံများမှာ ဆွေး၍ ပျက်စီးနေသောကြောင့် စာသင်ခုံ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဆန္ဒရှိပါသည်။ကျောင်းသူ/သားများ ပညာရေးကို စိတ်ဝင်စားစေရန် အတွက် ပညာပေးဟောပြောပွဲများပြုလုပ်ရန်လည်း လိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ၊ အားကစား ဆိုင်ရာ ပစ္စည်းများလက်လှမ်းမှီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အိုးကုန်း ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၃)မိုင်ခန့်ကွာဝေးသည့် မိုင်းအင် တိုက်နယ်ဆေးရုံတွင် ရရှိနိုင်ပါသည်။ရွာသူ/သားများတွင် ရောဂါအန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပဲ သာမန်ရာသီအလိုက် ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေတိုးတို့သာ အဖြစ်များပါ သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် မိုင်းအင်တိုက်နယ်ဆေးရုံ သို့လည်းကောင်း ၊ ပင်းတယမြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသမှုခံယူကြရပါသည်။ကျေးရွာတွင် ရောဂါပြင်းထန် သည့် လူနာများသည်အခက်အခဲဖြစ် နေရပါသည်။နောင့်နေးမှုများမရှိစေရေးအတွက် ကျေးရွာတွင်း ဆေးပေးခန်းရရှိရန် ကျေးရွာသူ/သားများမှလိုလားနေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက် သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန်လိုအပ်နေပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် UNDP မှသွယ်တန်းပေးထားပြီး ရွာလယ်ရေစုကန်မှ တရွာလုံး အသုံးပြုနိုင်ပါသည်။ စိမ့်စမ်းရေသွယ်မှ ရေမှာ နွေ၊မိုး၊ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိပါသည်။

အိုးကုန်းကျေးရွာတွင် တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကို အသုံးပြုပြုပါသည်။ထို့ကြောင့် ဝမ်းပျက်၊ဝမ်းလျှော ဖြစ်ပွားမှု နည်းပါးပါသည်။အချို့သောထောင်စုများမှာ အိမ်ခြံဝန်း တစ်ခုတည်းတွင် နေထိုင်ကြသောကြောင့် အိမ်သာကိုစုပေါင်းသုံးစွဲကြ ပါသည်။ကျန်းမာရေး အတွက်ကြိုတင်ကာကွယ်သော အနေဖြင့်ကျေးရွာ သူ/သားများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြ ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝ ဘေးအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိပါ။ ဘေးအန္တရာယ် ကျရောက်လာပါလည်း ကာကွယ်ရန်နည်လမ်းများလည်း ထားရှိမှု မရှိပါ။အမှိုက်စွန့်ပစ်ရာ တွင်လည်း စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ပညာပေးရန် လိုအပ်နေပါသည်။ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကိုခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှု မရှိပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုနည်းပါးပါသည်။ကျေးရွာအုပ်ချုပ်ရေး ပိုင်းတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးသော်လည်း ကျေးရွာ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ် ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ် အရည်အသွေးကို လျော့ကျစေပါသည်။အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး ၊အုပ်ချုပ်ရေး စသည်တို့တွင်ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်၍ အမျိုးသမီးများပါဝင် အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ အိုးကုန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - မိုင်းလီ		ကျေးရွာအမည် -အိုးကုန်း	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခဖြခံ အဆောက်အဦ	ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခင်း	ရွာတွင်းကျောက်ချောလမ်းခင်းခြင်း ပေ(၈၀၀၀)	
၂	အခဖြခံ အဆောက်အဦ	ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခင်း	ရွာဝင်လမ်းရပ္ပေန်တံတားတည်ဆောက်ခင်း(၄'×၆'×၁၂'×၄')	
၃	အခဖြခံ ပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘာဝေ၊ သင်ထောက်ကူ	စာသင်ခုံပုလြုပ်ခင်း	
၄	ကျောင်းပင်ပ ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘာဝေ၊ သင်ထောက်ကူ	စာကည့်တိုက်တည်ဆောက်ခင်း(၂၀'×၂၀'×၁၂')	
၅	ငွကေဖြး	ရပ်ရွာအခဖြပုငွကေဖြး ဝန်ဆောင်မှုများ	စိုက်ပျိုးရေးအရင်းအနှီးပံ့ပိုးရန်(မစြိမ်းရောင်ချေးငွရေရှိရန်)	
၆	အစိုးရ အသိမှတ်မပုပြ (သက်မွေးပညာ)	အစိုးရ အသိမှတ်မပုပြ (သက်မွေးပညာ)	အသက်မွေးဝမ်းကဖြောင်းသင်တန်း(လက်သမား၊ပန်းရံ)	
၇	ကျန်းမာရေး	အခဖြခံ ကျန်းမာရေး ဝန်ဆောင်မှု/ ကျေးလက် အခဖြပုပြ လူထု အခဖြပုပြကျန်းမာရေး ဝန်ဆောင်မှု ကျေးလက်ကျန်းမာရေး ဝန်ဆောင်မှု/	ကျန်းမာရေးအသိပညာပေးဟောပဖြာပွဲ	
၈	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	မူးယစ်အနှုတရာယ်ကင်းရှင်းရေးအသိပညာပေးဟောပဖြာခင်း	

နောက်ဆက်တွဲ(၁)

အိုးကုန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမောင်စိုး	ဦးပေါ်	၁၃/ပတယ(နိုင်)၀၂၂၃၂၂	၅၄	ဥက္ကဋ္ဌ		
၂	ဦးအောင်ဒင်	ဦးဖိုးသေး	၁၃/ပတယ(နိုင်)၀၃၉၄၈၆	၅၃	စာရင်းကိုင်		
၃	ဦးဖိုးတူး	ဦးအောင်ဖြူ	၁၃/ပတယ(နိုင်)၀၃၉၄၈၆	၃၉	ဘဏ္ဍာရေးမှူး	၀၉-၇၆၁၃၈၆၂၈	
၄	ဦးချစ်သင်း	ဦးအောင်ငွေ	၁၃/ပတယ(နိုင်)၁၆၄၂၀၇		သော့ကိုင်	၀၉-၄၅၈၉၀၂၈၇၉	
၅	ဒေါ်သီတာဝင်း	ဦးအောင်ကျေး			အဖွဲ့ဝင်		
၆	ဒေါ်ချိုမာစိုး	ဦးမောင်စိုး		၂၁	စာရင်းစစ်		
၇	ဒေါ်သူဇာနွင်း	ဦးရွှေလုံး	၁၃/ပတယ(နိုင်)၀၄၉၁၀၅	၃၃	အဖွဲ့ဝင်		

ဖွံ့ဖြိုးရေးဗျူတည်ဆောက်မှုအခြေပြဇယား (အိုးကုန်း)ကျေးရွာ

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	လမ်းမကောင်းသည့်အတွက်မိုးရာသီတွင်သွားလာရေးခက်ခဲပါသည်	ရာအဝင်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့်မိုးရာသီတွင်သွားလာရေးခက်ခဲသဖြင့်ဈေးကွက်ကုန်များတင်ပို့ရာတွင်အခက်ခဲဖြစ်ပေါ်ပါသည်။	ဈေးကွက်ရှိပြီး ဖြစ်ရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း	ဈေးရွာအနေဖြင့်ငွေအင်အားမတတ်နိုင်ခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်	ရွာတွင်းဈေးကျလမ်းခင်းခြင်း(၈၀၀၀)
၂	လမ်းပျက်စီးခြင်း	လမ်းပေါ်ရေဈေးခြင်း	ဈေးကွက်ရှိပြီး ဖြစ်ရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း		သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်	ရွာဝင်လမ်းရေပြွန်တံတားတည်ဆောက်ခြင်း(၄'×၆'×၁၂'×၄')
၃	စာသင်ခုံအဟောင်းကိုပြန်ပြင်ကာထိုင်နေရခြင်း	စာသင်ခုံပျက်စီးနေခြင်း			ပညာရေးဌာနနှင့်ချိတ်ဆက်၍ စာသင်ခုံတင်ပြဆောင်းခံခြင်း	စာသင်ခုံပြုလုပ်ခြင်း(၃၀)စုံ
၄	ဈေးရွာနေလူငယ်များအနေဖြင့်စာမဖတ်ရသည့်အတွက်အဆွေထွေဗဟုသုတနည်းပါးပါသည်။	ဈေးရွာတွင်စာကြည့်တိုက်မရှိသည့်အတွက် ဈေးရွာလူထုအနေဖြင့် ဗဟုသုတနည်းပါးပါသည်။	ဈေးရွာသူ/သားများအနေဖြင့်စာဖတ်လိုစိတ်ရှိခြင်း။		ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားပါမည်	စာကြည့်တိုက်တည်ဆောက်ခြင်း(၂၀'×၂၀'×၁၂')

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	စိုက်ပျိုးရေး၊ မွေးမြူရေး တိုးချဲ့ မလုပ်နိုင်	မျိုးကောင်းမျိုးသန့် မသုံးနိုင်ခြင်း အရင်းအနှီးမရှိ	မြေဆီကောင်းမွန်		ကျေးလက်ဦးစီးဌာနှင့် ချိတ်ဆက်၍ အတိုးနှုန်း သက်သာသောချေးငွေ ရရှိရန်	စိုက်ပျိုးရေး အရင်းအနှီးပံ့ပိုးရန်(မြစိမ်း ရောင်ချေးငွေရရှိရန်)
၆	အသက်မွေးဝမ်း ကျောင်းလုပ်ငန်းကျွမ်း ကျင်မှုမရှိခြင်း	အသက်မွေးဝမ်း ကျောင်းပညာမ တတ်မြောက်ခြင်း			အသက်မွေးဝမ်းကျောင်း သင်တန်းများရရန်နှင့် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်	အသက်မွေးဝမ်းကြောင်း သင်တန်း(လက်သမား၊ ပန်းရံ)
၇	ကျန်မာရေး အသိပညာ အားနည်းခြင်း	အခြေခံပညာတတ်မြ ောက်မှုအားနည်းခြ င်း			ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးအသိပညာ ပေးပွာပြောပွဲ
၈	လူငယ်များမူးယစ် အန္တရာယ်ဗဟုသုတ နည်းပါးခြင်း	မူးယစ်ဆေးဝါး အလွယ်တကူရနိုင်ခြ င်း			ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မူးယစ်အန္တရာယ်ကင်းရှင်း ရေးအသိပညာပေး ပွာပြောခြင်း

အိုးကုန်းကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ရွာတွင်းကျောက်ချောလမ်းခင်းခြင်းပေ(၈၀၀၀)	၁	✓			
၂	ရွာဝင်လမ်းရေပြွန်တံတားတည်ဆောက်ခြင်း (၄'×၆'×၁၂'×၄')	၂		✓	✓	
၃	စာကြည့်တိုက်တည်ဆောက်ခြင်း (၂၀'×၂၀'×၁၂')	၃	✓	✓		
၄	စာသင်ခုံပြုလုပ်ခြင်း	၄	✓	✓	✓	
၅	အသက်မွေးဝမ်းကြောင်းသင်တန်း (လက်သမား၊ပန်းရံ)	၅	✓	✓	✓	✓
၆	အသက်မွေးဝမ်းကြောင်းသင်တန်း (လက်သမား၊ပန်းရံ)	၆	✓	✓		
၇	ကျန်းမာရေးအသိပညာပေးဟောပြောပွဲ	၇	✓	✓	✓	✓
၈	မူးယစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်း	၈	✓	✓	✓	✓